ငဝ်ႈငုၼ်း ပႃႇတီႇမွၵ်ႇသုင်လိူင်ႈတႆး

ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်

**SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS**

E-mail: sspp.hq@gmail.com

## ၂၀၁၅ခုနှစ် အောက်တိုဘာလ(၂၁)ရက်နေ့ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်SSPP/SSA၏ သဘောထားထုတ်ပြန်ချက်

၁။ ၂၀၁၅ အောက်တိုဘာလ(၂၁)ရက်နေ့ ညနေ(၄း၀၀)နာရီခန့်တွင် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်စဉ်တစ်ခုဖြစ်သည်ဟုကြားသိရပါသည်။ ဤဖြစ်စဉ်ကြောင့် အပြစ်မဲ့မိဘပြည်သူ အသက်(၁၂)အရွယ်မိန်းခလေးငယ်တစ်ဦး၊ အသက်(၇၂)အဖွားအိုတစ်ဦးနှင့်ကိုရင်ငယ်(၂)ပါးအပါအဝင် စုစုပေါင်း(၄)ဦး ထိခိုက်ဒဏ်ရာရသည်ဟု ကြားသိရသည့်အတွက် မိမိတို့SSPP/SSAမှ သက်ဆိုင်ရာမိသားစုနှင့်ထပ်တူ အထူးစိတ်မကောင်းဖြစ်မိပါသည်။

၂။ ယခုအချိန်တွင် မိမိတို့SSPP/SSA တစ်နိုင်ငံလုံးအပစ်ရပ်စဲရေးသဘောတူစာချုပ်NCA လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးသည့်အပေါ် တပ်မတော်မှ စစ်ရေးအရဖိအားပေးထိုးစစ်ဆင်နေသည့်အချိန်နှင့်တိုက်ဆိုင်နေ၍ မသမာသည့်အဖွဲ့အစည်းတစ်ခုခုမှ အခွင့်ကောင်းယူပြီး ရည်ရွယ်ချက်ရှိရှိဖြင့် မိဘပြည်သူများအားစိုးရိမ်ထိတ်လန့်မှုဖြစ်စေရန်နှင့် ၂၀၁၅ခုနှစ် နိုဝင်ဘာလ(၈)ရက်နေ့တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးကို နှောက်ယှက်ဖျက်ဆီးဟန့်တားလိုသည့် လုပ်ရပ်ဖြစ်သည်ဟု သုံးသပ်ရပါသည်။

၃။ ထိုသို့သော အပြစ်မဲ့မိဘပြည်သူ၊ ရဟန်းရှင်လူများအား ပစ်မှတ်ထား ဦးတည်တိုက်ခိုက်နေသည့်လုပ်ရပ်များကိုလည်းကောင်း၊ လုပ်ဆောင်သည့်အဖွဲ့အစည်းကိုလည်းကောင်း မိမိတို့SSPP/SSAမှ ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုံ့ချပါကြောင်းထုတ်ပြန်အပ်ပါသည်။

ဗဟိုကော်မတီ

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်

၂၀၁၅ခုနှစ် အောက်တိုဘာလ(၂၂)ရက်